# တေဇ ရုပ်စုံ





# ဆက်ရက်ပျော်ရွှင်

ဆက်ရက်ကလေး နှစ်ကောင်
ရွှေညိုရောင်
တောင်ပံပဲ့ဝှက်တွဲ ဖြန့်ကာခဲ
ဦးကြီးဘရဲ့ လယ်ကွက်ထဲ ။

လယ်ကွက်ထဲမှာ နွားကြကါ
ပိုးပြုတ်ကောက်သင်း ချီကြရာ ။

တလင်းသဘာမှာ ကောက်ဆိုင်တန်း
ဖိုးတိမ်ဖျော်ဦးဆီ ထိုဘနန်း ။

ဝမ်းစာရေးတွက် လာရောက်ရှာ
စာချောက်ရုပ်ကြီး ကြောက်စရာ ။

ရှော့စင်ဆီမှာ ရှုစည်ကား
နယ်ကြ ရှော့ကြ ပျော်တာပါ ။

စပါးတောင်ပုံ ရွှေနှယ်ပုံ
ရှုမဆုံးလို့ သုံးမကုန် ။

အရက်သစ်ဦး လင်းရောင်ဖြူး
ဆက်ရက်ငယ်တို့ တေးသီကြူး ။




# သုဝဏ္ဏသာမ ဇာတ်တော်ကြီး

၂

ပန်းချီ-ဦးဘကြည်




...ဘုရင်ကြီးဘုရား - ကျွတ်ကျွတ် - - ဒဏ်ရာနှင့် ပါးစပ် - ကပါ သွေးတွေ ထွက်နေတာ ထက် မိဘများ သစ်သီးမစားရ - ရေမသောက်ရ၍ အားပြတ် သေဆုံးရမည့် အရေးကို မတွေးရဲပါ ဘုရား - - - - ကျွတ်ကျွတ် - - - အင်း... ဘယ်သူက - ဒီတောနက်ထဲ - လုပ်- - - ကျွေး..... မှာလဲ.... အား.......
ဟုပြောဆို၍ ငြိမ်သွားလေရာ
မင်းကြီးသည် စိတ်ထိခိုက်သွားပြီးလျှင်
အိမ်း - သေသွားရှာပြီထင်တယ်။ သူတော်ကောင်းကို - ငါ ပြစ်မှားမိပြီ။ ဤ ပြစ်မှု ပြေပျောက်စေရန် - ဒီသူငယ်အစား ရသေ့များကို - ငါကိုယ်ထိလက်ရောက် လုပ်ကျွေး မှ ဘဲ---
ကဲလေ - သူ့ ရေအိုးယူပြီး သူ့မိဘ ရသေ့ တွေနေတဲ့ ကျောင်းသင်္ခမ်း ကိုသွား ရှာမှဘဲ
ကျောင်းသင်္ခမ်းသို့ တက်သွားလေသော်
ဘယ်သူများလဲ - ငါတို့ရဲ့သား - သုဝဏ္ဏသာမရဲ့ ခြေသံဟာ ဒီလို မပြင်းပါဘူး
ကျွန်ုပ်ကား - ပီဠိယက္ခ ဘုရင်ကြီး ဖြစ်တော့သည်
အရှင်မင်းကြီး - မြင့်မြတ်သော နေရာထက် ၌ ထိုင်တော်မူလော့.....
....အကျွန်ုပ်တို့ကား - မျက်မမြင် ဒုက္ခိတ များဖြစ်၍ ခွင့်လွှတ်တော်မူပါ။ အလို ရှိအပ်သော ကိစ္စကိုလည်း မိန့်တော်မူပါ လော့...
ရသေ့ကြီး - သင်တို့၏သားကို တောလိုက်ရင်း - မျက်စိ မှားပြီး ပစ်ခတ်မိ၍ မြားခံရကာ သေဆုံး ပြီဖြစ်ကြောင်း သိစေလိုသည်
ဟိုက် - သားလေး ဘဝန္တရ ရောက်ပြီ ဆိုပါလား... ဘုရား - ဘုရား
သားရေ -- သားရဲ့.... အမေ ရင်ကွဲရချေပြီ.. - - - - - - - - - - - -
အသင် ရသေ့တို့အား သူ့အစား - အကျွန်ုပ် လုပ်ကျွေး ပါအံ့ --- မပူပင်ကြပါနှင့်
အရှင်မင်းကြီး လုပ်ကျွေး၍လည်း သင့်တော်မည်မဟုတ်... ထို့ကြောင့် သား သုဝဏ္ဏသာမ ရုပ်ကလာပ် ရှိရာသို့သာ အမြန် ပို့ဆောင် တော်မူလော့
ရှိုက် ရှိုက်


သုဝဏ္ဏသာမ ထံရောက်လျှင် ရသေ့တို့သည် တတွတ်တွတ် ပြော်ဆိုရင်း သားကို လက်ဖြင့် စမ်းကြရာ ကိုယ်ငွေ့ ရှိသေး၍ မေ့မြော နေကြောင်း သိရသဖြင့် -
သားသားရဲ့… အဖြစ်ဆိုးလှချေလားကွယ်… .. အမေသာ သေလိုက်ပါတော့ …. ------
ဟေ - အသက်ငွေ့ငွေ့ ရှိသေးတယ် ဟ
မြှားဆိပ်တက်ပြီး မေ့မြော နေတာ များလား
ဒီလို အသက် မကျန်သေး ရင် -- ကျုပ် သစ္စာ ဆိုအံ့ -------
ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ တို့အား ရှိခိုးပါ၏။
ငါ့သား သုဝဏ္ဏသာမသည် -ကုသိုလ်တရားကို ကျင့်၏၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိ၏၊ မှန်သောစကားကိုသာ ဆိုလေ့ရှိ၏၊ မိနှင့်ဘကို လုပ်ကျွေးပြုစု၏၊ လူကြီးများကို ရိုသေ၏၊ ဤမှန်သော သစ္စာ စကားကြောင့် - မြှားဆိပ် ပြေပါစေသတည်း။ ။ငါသည် ချစ်သား သုဝဏ္ဏသာမကို - အသက်ထက် ချစ်မြတ်နိုး၏
ငါတို့ပြုရခဲ့သမျှသော ကောင်းမှု ကုသိုလ်များ ကြောင့် --- မြှားဆိပ် ပြေပါစေ သတည်း။
ပသင်းသို့ ရသေ့ကြီးက သစ္စာဆိုသောအခါ သုဝဏ္ဏသာမသည် လူးလွန့်လှုပ်ရှားပြီးလျှင် အနည်းငယ် လှိမ့်၍ အိပ်လေသည်။ ထိုအခါ ရသေ့မကလည်း သစ္စာ ဆိုပြန်သည်။
ငါ့သား သုဝဏ္ဏသာမ သည် ---------------- ---------- ---ဤမှန်သော သစ္စာစကားကြောင့် မြှား ဆိပ် ပြေပါစေ သတည်း
ထိုအခိုက် ခုနစ်ဘဝ တိုင်တိုင်မိခင်တော်ခဲ့ဘူးသော ဗဟုသုန္ဒရီ နတ်သမီးရောက်လာပြီး သစ္စာ ဆိုပြန်သည်။
---ဂန္ဓမာဒန တောင်၌ နှစ်ပေါင်းများစွာ နေခဲ့စဉ်က-သုဝဏ္ဏသာမထက် ချစ်မြတ်နိုးသောသူ မရှိခဲ့။ ဤတောင်၌-ရနံ့မွှေးသော အပင်များမှ အပ - အခြားသစ်ပင်မရှိ။ ဤမှန်သောသစ္စာစကားကြောင့် - အဆိပ်များ ပြေပါစေသား ------


ထိုသို့ သစ္စာဆိုပြီးသည့်အခါ၌ သုဝဏ္ဏသာမသည် မြှားဆိပ်ပြေကာ ထ ထိုင်၏။ စိုက်နေသော မြှားလည်း မရှိ၊ ဒဏ်ရာလည်း လုံး၀ မရှိ၊ နတ်သမီးလည်း ကွယ်လေပြီဖြစ်ရာ ဘုံ့အား သပ့်ပြီး ကြည့်နေမိကြ၏။
?
ဟယ်- ဘာမှ မဖြစ်သလိုဘဲ၊ မြှားလဲ မရှိတော့ဘူး - ဒဏ်ရာလဲ မရှိဘူး
ဒွေးကွက် တောင် မရှိပါလား
ဟင်--- အဖေနဲ့ အမေတို့ပါလား.... ဟာ- မျက်စိ မြင်ကြပြီလား ...
အေးကွယ် ရှိမြင်ရပါပြီကော.. ဘုရား-ဘုရား ဝမ်းသာ လိုက်တာ...
သား - သား - - မသေလို့ တွေ့ရ မြင်ရတယ်--- ဟဲ့ - - - - -
ပိဠိယက္ခမင်းကြီးသည် မကြုံစဖူးသောအံ့ဖွယ်ဖြစ်များကိုမျက်မြင်ကိုယ်တွေ့ကြုံရသဖြင့်အံ့ဩပြီး
အို-- သူတော်ကောင်း ရသေ့ကြီး -ရသေ့မကြီး နဲ့ - ရသေ့လေးတို့ ..... .... သင်တို့၏ သီလ - သမာဓိ-တန်ခိုးကြီး - ကြီးမားလှ၍-အံ့ဘွယ် ကောင်းလေစွ.... နတ်သမီးပင် -ကိုယ်ထင်ပြ၍-သစ္စာဆိုလာသည်။ ကျွန်ုပ်လည်း ကြီးစွာသောနောင်တ တရားရပါပြီ။ ထို့ကြောင့် - တရားဓမ္မလမ်း ကြောင်းဖြင့် ဆုံးမ ဩ၀ါဒ ပေးပါ လော့..
ထိုအခါ သုဝဏ္ဏသာမသည် မင်းကြီးအား
----အရှင်မင်းကြီး--- ------တိုင်းသူ ပြည်သားကို -ရင်ဝယ်သား နဲ့မခြား မေတ္တာထား၍-မင်း ကျင့်တရားနှင့်အညီ အုပ်ချုပ်ပါလော့--- မိဘများကိုလုပ်ကျွေး သူသည်-နတ်ရွာသို့လား ကြပါသည်ကိုမှတ် သားပါ လေ!
သါဓု၊သါဓု၊သါဓု။ ယနေ့ မှစ၍-ယောကြားသည့် အတိုင်း ဆောင်ရွက်မည်ဖြစ် ကြောင်း သစ္စာပြုပါသည်-ရသေ့တို့---
ထိုအချိန်မှစ၍ ပိဠိယက္ခမင်းကြီးသည် သမင်သား တပ်မက်ခြင်းကို စွန့်၍ တရား ရကာ တိုင်းပြည်သို့ ပြန်လေတော့သတည်း။

ပြီး၏





# ကောလာဟလ

'ကောလာဟလ ကောလာဟာလ
လူလေး သိပါစ။

ကောလာဟလ ဆိုသည်မှာ
အခြေအမြစ်မရှိပါ
ထင်ရာမြင်ရာ စကားကား
လွဲချော် အမှား မှား။

တနေ့သောခါ လမ်းပေါ်မှာ
ဈေးသည်တဦး လျှောက်လို့လာ
ယိမ်းယိုင်ကာ သူဦးစိုက်
အမှတ်မထင် 'ခလုတ်တိုက်'။

'ခလုတ်တိုက်တဲ့' ဆိုခြင်းရာ
ကောလာဟလ ဖြစ်ပေါ်လာ



တဆင့်ပြောကာ တဆင့်ကား
'ဖားပြုတ်ကိုက်တယ်' သတင်းမှား။

'ဖားပြုတ်ကိုက်တယ်' သတင်းမှာ
တဆင့်ကြားနှင့် ပြောပြန်ရာ
ကောလာဟာလ ထိုစကား
'ငတုတ်ရိုက်တယ်' ဖြစ်ပြန်တကား။

ကောလာဟလ ဆိုသည်မှာ
အခြေအမြစ် မရှိပါ
ထင်ရာမြင်ရာ စကား ကား
လွဲချော် အမှား မှား။

မင်းယုဝေ


ပုံပြင် တကော့ ပုံပြင်
ဒီနေ့ညနေ ထမင်းစား လာခဲ့ပါလား
ဟား-ဟား-ဟိုပုံပြင် ထဲကလို-ငါ့ကိုပြောင်ချင် လှောင်ချင်လို့မဟုတ်လား ငါပါးပါတယ်ကွာ-
ငှက်ကျား တကောင်သည် ပြောင်လှောင်လို သဖြင့်မြေခွေးကို ထမင်းစားဖိတ်၏။
ဒါပေမယ့်ငါလာ ခဲ့မယ်--
ညနေရောက်သော်---
ဟောဒီမှာ ဟင်းရည်တွေပန်းကန် ပြားနဲ့အပြည့်ဘဲ- သူငယ်ချင်း
ငါ့ကိုကရားရှည်နဲ့ မကျွေးဘဲ-ပန်းကန် ပြားနဲ့ကျွေးတာဟာ စေတနာနဲ့တကယ် ကျွေးတာဘဲ
ငါအားရပါးရ သောက်ပစ် လိုက်မယ်
မြေခွေးသည်လောဘတကြီးသောက် လိုက်ရာ-လျှာအပူလောင်သွားလေ၏။
ဟား-ဟား-အပေါ်ရည် တင်းနေတာကိုအေးနေတယ် ထင်ပြီး-ယင်းက အရမ်း သောက်တာကိုးကွ
ဟား-ဟား
ငှက်ကျားလည်းသူ၏ပြောင်လှောင် မှုကိုအလွန်သဘောကျသွားသည်။


မင်းရဲ့စေတနာကို ငါကျေးဇူးတင်ပါတယ် ဟင်းရည်တွေသောက် ကျန်လို့လဲ ဝမ်းနည်းသွား ပါတယ်
မင်းလဲ မနက်စာစားဖို့ ဆက်ဆက် ကြွခဲ့ပါလား သူငယ်ချင်း
မင်းကပြန်ပြီး ဖိတ်ပြန်တော့လဲ လာရတာပေါ့ ဟီးဟီး
မနက်ရောက်သော်ငှက်ကျားလည်း နံနက်စာ စားရန်ရောက်လာ၏။
ကဲ အသားတုံးကြီး တွေကိုမင်းနှုတ်သီးနဲ့ အသင့်စားနိုင်အောင် ကရားနဲ့ထည့်ထား တယ်
မွှေးလိုက် တာ
ငါသူ့ကိုပြောင်မိ လျှောင်မိတာ မှားတာဘဲ သူတကယ်စေတနာ အရှိသားဘဲ
ငှက်ကျားသည်ရှည်၍အဝကျဉ်းသော ကရားထဲသို့ ဦးခေါင်းကိုသွင်းလိုက်ရာ
နှုတ်သီးနှင့်အသားတုံးကို ညှပ်လိုက်၏ သို့သော်.. သူ့ဦးခေါင်းကိုသူပြန်၍ ထုတ်မရဘဲဖြစ်နေရာ
ဟား ဟား ဟီး ဟီး
ပြီး
မြေခွေးသည်ကရားကြီးနှင့်ဒုက္ခများနေသော ငှက်ကျား၏အဖြစ်ကိုအလွန်သဘောကျနေလေ၏
သတည်း

# တေဇ ကဗျာ



## လတပေါင်း

ရွက်ဟောင်းကြွေလို့ ရွက်သစ်ဝေ
တပေါင်း ချိန်ခါခွေ။
ရွှေသရဖီ ဝတ်မှုန်ကြဲ
မွှေးပျံ့ သင်းထုံကဲ။
အဖော်ကွဲတဲ့ ဥဩပျို
လွမ်းတေးသံချိုချို။
မြန်ပြည်တနိုင်ငံ့ကျင်းပန္တဲ့
သဲပုံစေတီပွဲ။

တက္ကသိုလ်-ဆန်းဟင့်နိုင်



## အားသစ်လောင်း

တမာရိပ်ဆင် ကျောင်းဝန်းကျင်
ခေါင်းလောင်း သံချိုလွင်။
နွေစဉ်မပျက် ကျောင်းမှန်တက်
ညီထွေး စာမခက်။
ရေးဖတ်တွက်ချက် မြတ်ပညာ
ညီထွေး သိလိမ္မာ။
နောင်တခေတ်မှာ ပြည့်သားကောင်း
ညီထွေး အားသစ်လောင်း။

အထွေး (မြေလတ်)

## သားကောင်းရတနာ

ကျားကျားရားရား အားနှင့်မာန်
ညီလေး ဗလသန်။
မြန်မာဆန်ဆန် ရဲရဲရင့်
သတ္တိ ဇွဲတို့နှင့်။
ပွင့်လင်းမှုနှင့် ကိုယ်ချင်းစာ
ရိုးသား တည်ကြည်စွာ။
ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိ
မြန်မာ့သားကောင်း ဝိပါဘိ။

ဘော်ဘော် (သန္လျာ)



## မြေသား

မြေပြင်မှာ ဗိုဇ်တွေဖွား
မြေသားကို ဗိုဇ်တွေခင်။
မြေဆီကို ဗိုဇ်တွေစား
မြေသားကိုမင်။
မြေသားကြောင့် အသီဝင်
မြေသားပင် မိခင်ဖြစ်။
မြေယံမှာ ရှန်းကန်လှုားလို့ရယ်
မြေသားနွယ်ချစ်။

မောင်ကြည်တင့်




တီထွင် ပါရဂူ
ကျုပ်ရဲ့ကြောင်အိမ်ထဲက စားစရာတွေဟာ မနက်ကျရင် မရှိတော့ဘူး နေ့တိုင်းဘဲ..
အိမ်မှာ နေတော့လဲ ကျုပ်တယောက်ထဲ ပျောက်ပုံထူးလွန်းလို့ အဲဒီ အစားသူခိုးကို ဖမ်းပေးစမ်းပါ
ကဲ ခင်ဗျားပြန်နှင့် သူခိုးဖမ်းကိရိယာ တီထွင်ပြီး ကျုပ်ယူလာခဲ့မယ်
ဒီကြောင်အိမ် လာဖွင့်မယ့် အစား-
မနက်
ခုလောက်ဆို သူခိုး မိနေရောပေါ့ သွား ကြည့်အုံးမှဘဲ
သူကိုယ်တိုင်ပါဘဲလား.. ဒေါ်ကြီး ည.ည အိပ်ရာက ယောင်.ယောင် ထပြီး သူ့ အစာ သူပြန်စားနေတာဖြစ်ရမယ် လစ်မှ...

# တေဇရုပ်စုံ သတင်းလွှာ

### လက်တွေ့သင်

၁၄-၁-၇၅။ ။မန္တလေးမြို့ ပြည်ကြီး ပျော်ဘွယ် အနောက်(၇၁) အမကတွင် ကျောင်းသားကျောင်းသူ များအား သင်ကြားမှု အထောက်အကူ ပစ္စည်းများနှင့် လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။ ထို့ပြင် ကျောင်း တွင်းကျန်းမာရေး လေ့ကျင့်ခန်းများကိုလည်း သင်ကြား ခဲ့သည်။

### ပြိုင်ပွဲဝင်

၁၄-၁-၇၅။ ။ပြည်ထောင်စုနေ့ အကြို အထိမ်း အမှတ် ကဗျာသရုပ်ဖော်ပြိုင်ပွဲကို အင်းစိန်အစိုးရမူလတန်း ကျောင်း အမှတ် (၁၂)တွင် ကျင်းပရာ ကျောင်းသား ကျောင်းသူကလေးများက တိုင်းရင်းသားသရုပ်ဖော်ဝတ် စုံများဖြင့် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

### ဘောလုံးပြိုင်

၁၆-၁-၇၅။ ။မော်ကျွန်းမြို့နယ် အစိုးရ မူလတန်း ကျောင်း အုပ်စုလိုက် ဘောလုံးပြိုင်ပွဲကို လွတ်လပ်ရေး ကျောက်တိုင်ကွင်းကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်။

### အားကစား

၁၇-၁-၇၅။ ။ရန်ကုန်မြို့ ချင်းချောင်းရိပ်သာလမ်း ရှိ မူလတန်းကြိုကျောင်း အမှတ် (၁) တွင် အားကစား ပြိုင်ပွဲ ကျင်းပခဲ့သည်။

### ပြေးခုန်ပစ်

၁၈-၁-၇၅။ ။မင်္ဂလာဒုံ မူလတန်းကြိုကျောင်း အမှတ် (၃) နှစ်ပတ်လည်ပြေးခုန်ပစ်ပြိုင်ပွဲကိုရန်ကုန်တိုင်း စစ်ဌာနချုပ် အားကစားကွင်းတွင် ကျင်းပခဲ့သည်။

### ခေါင်းဆောင်သင်တန်း

၂၀-၁-၇၅။ ။သဲကုန်းမြို့နယ် လမ်းစဉ်လူငယ် စည်းရုံးရေးကော်မီတီက ကြီးမှူး၍ တေဇလူငယ်ခေါင်း ဆောင်သင်တန်း အမှတ်စဉ် (၂) ဆင်းပွဲကို ပုတီးကုန်း အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့သည်။

### ပြိုင်ပွဲကျင်းပ

၂၀-၁-၇၅။ ။ရန်ကုန်မြို့ အင်းယား လူငယ်သင် တန်းကျောင်း အားကစားကွင်းတွင် နေ့ကလေးထိန်းနှင့် မူလတန်းကြိုကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပခဲ့ သည်။

### စာစီစာကုံး

၂၃-၁-၇၅။ ။အင်းစိန်မြို့ ဈေးတန်း အရှေ့ရပ် ကွက် မီးရထားဝင်း မူလတန်းကျောင်းတွင် (၂၈) ကြိမ် မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသား စည်းလုံး ညီညွတ်မှု သရုပ်ဖော်စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

### အစမ်းလေ့ကျင့်

၃၁-၁-၇၅။ ။ရန်ကုန်တိုင်း မူလတန်းကြိုကျောင်း ပေါင်းစုံ သီချင်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မင်္ဂလာဒုံ မူလတန်းကြိုကျောင်း အမှတ် (၃) မှ ကလေးငယ်များက ကမ္ဘာ့ ကလေးများနေ့တွင် ပြန်လည် တင်ဆက်ဖြေဖျော် ရန်အတွက် ကြိုတင်၍ အစမ်းလေ့ကျင့်ခဲ့ကြသည်။

### ပညာရည်ချွန်ဆု


၃-၂-၇၅။ ။ကျောက်တန်းမြို့ မြို့မ မူလတန်း ကျောင်းတွင် မြို့နယ်ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ဆုရ ရှိသော ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့် ခဲ့သည်။

### ကလေးများနေ့

၇-၂-၇၅။ ။ကမ္ဘာအေး လူငယ်သင်တန်းကျောင်း တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့ကလေးများနေ့ ပျော်ပွဲရွှင်ပွဲ ၌ ပါဝင်ဖျော်ဖြေရန်အတွက် လူမှုဝန်ထမ်းဌာနခွဲ လမ်း မတော်ဒေသစိတ် နေ့ကလေးထိန်းကျောင်းမှ ကျောင်း သားကျောင်းသူကလေးများက ဝတ်စုံပြည့်ဖြင့် လေ့ကျင့် ခဲ့ကြသည်။


ပေါက်ကျိုင်းထုပ် နှင့်
ဆေးတောင်ဝှေး
ဇာတ်လမ်း
ဘကြီး
သံချောင်း
သရုပ်ဖော်


ဇာတ်လမ်း-
သရုပ်ဖော်-
တောအုပ်ကို


ပထမ
ဦးထုပ်ကို
တောင်းသည်။
ဒုတိယ ဓားတောင်ဝှေးကို ယူ၏—


တပည့်နှုတ်မှ-ဥုံ-ဟူသောအသံထွက်ပါ၊ လက်ကိုင်မှ ဆေးတောင်ဝှေးနှင့်အနီးရှိတံမြက်စည်းကိုတို့၍ အမှိုက်ရှင်းခိုင်းသည်၊
ဥုံ
ဟဲ့-ငါ့တပည့်ကြီး အမှိုက်တွေရှင်းလိုက်စမ်း၊
ဟီး‌ဒွေးမှုန့်တွေ ကျောင်း ပြီးရင်သစ်ရွက် ခြောက်တွေသွားရှင်းအုံးပေါ့-
ငါ့တပည့်ကြီးတာဝန်ပြီးပြီ- နဂိုအတိုင်း ပြန်ဖြစ်စေ၊
ဥုံ
ဟဲ့-ငါ့တပည့်ကလေးခြင်းကို၊ ရေကို၊ စမ်းချောင်းက သွားခပ်စမ်း၊
မြန်မြန်လုပ်ပေါ့၊ ငါတရေးချင်ပြီကွ -


ဝုံ
ရေပြည့်ပြီ–မင်းဝနက္ခ မင်းပြန် သွားပေတော့၊
ရေတော့ဆိုးပြီးပြီ၊ ဒီကလောသလဲတယ်အစား စားဦးမှကွ–
ဝုံ
ပါလေ့–
အင်း–ဖိုထိုးခဏကကိုဝေသူးတယ်၊ စားခဏကဂ်တာခပ်ချွတ်ချွတ်လေး စားမှကွ၊
ဝေကြလိုသည်၊ ခါးပြီးသောပဲ့လွှသည့်သီးနှံများ ကို၊ စမ်းချောင်းကားရှိတောအုပ်အတွင်းသို့သွား ကောက်စွန့်ပစ်လေ့ရှိသည်၊
ထိုသို့ဝေကြလိုစွန့်ပစ်သော၊ ခါးကြွင်းစားကျန် သီးနှံများကို၊ မျောက်တကောင်ကြောအမြဲတမ်း လာကောက်စားသောကလေ့ရှိသည်၊
ဒီကတော့ ပြည့် သွားပြီဖိုထိုးတဲ့ လူပင်းကိုစေတော့ မှကွ၊


ဗောလီသည် ဂုဏ်ဖန်ဂုဏ်ခါ မနွှန်နေပေ ခါတိုကိုဖတ်ရှုလို့ ဆေးဖော်ကျမ်းနှင့်ကျောက်တုံးကို ဆေးတောင်ရွှေးနှင့်တို့လို့ ဆေးများကို ကြိတ်ချေပြီး —
ထိုဆေးတို့ဖြင့် မီးအတွင်းသို့ပစ်ပေါက်လိုက်သည့်အခါ —
ကျောက်မက်ကြီးမှ ဖောက်ကွဲသည့်အသံကြီးများထွက်ပေါ်လာပြီး လျှပ်သည့်မီးတောက်မီးလျှံကြီးများပေါ်ပေါက်လာတော့သည်။
ထိုထူးဆန်းသည့်အချင်းအရာများကို ဖြစ်စေခဲ့သော သစ်ပင်ကြီးတပင်ပေါ်တွင်ပုန်းအောင်းနေသော မျောက်ကြီး ထိတ်လန့်အံ့သြစွာ ကြည့်နေလေ့ရှိသည်။
တခါတက်ဆေးခပ်ညှိများကျလေး မသိရေတတ်ကျက် ဖြစ်ခဲ့မှု မီးများငြိမ်းသေသွားတော့လေသည်။
အလို - မီးငြိမ်းသွားပါ ကလေးက ဆေးခပ်များ ကြိမ်နှုန်းကျတယ်
ဝုန်
မဖြစ်သေးပါဘူး ဖိုထိုးတော့ကုပ်ပြီး ဆေးမှန်သစ်ထွက်ရှာအုံးမှဘဲ။


ဆေးဖြစ်လိုက်ကြရင်မှာ ပျင်းလှတယ်။
ငါ့တပည့်တွေကို ကြည့်ခိုင်းမှကွာ။
ဝံ့
ကိုင်း-ငါ့တပည့်-ငါ့ကိုချစ်တဲ့ ဆေးဖြစ်တွေကိုသွားရှာ ပေးစမ်း။
ကောင်းပါပြီ ဆရာ-
ဆေးသွင်းဆေးခတ် များကိုယုန်-သိမ်းငှက် နှင့်ကျီးကန်းများကို စေခိုင်းတော်သည်။
ယုန်ပြီးလျှင် ပြဒါးအစရှိသည်တို့ကိုမူ ခြင်္သေ့နှင့်ကျားများကို ကြော့ယူစေခိုင်းလေ့ရှိသည်။


ဝါးပင်သိမ်းပြီးကြော့ပ ငတိုးကိုအလုပ်ကြိုးသောဆင်ကြီးတွင်
မှူ၊ သစ်ကြီးများကို ကြာမေ့နိုင်းလေ့ရှိသည်။
တခါတုံ မြွေကြီး အတွင်းမှ
မြွေဆူး မြွေပေါင်းများ ထွက်လို့
ရှိသည်။ အခါတွင်မူ ကြွက်များ
ကို ကြာမေ့နိုင်းလေ့ရှိသည်။
ထိုကြောင့်လည်း ကောင်းကင်ငှက်များ
ဒုက္ခပေးကြသည့်အခါတွင်
ကောက်ကူညီလေ့ရှိသည်။ မြွေကို
ပစ်ခွဲသည့်အခါ –
အလို – မြွေကိုပစ်လိုက်သွား
ပါလား မှန်မှန်ကပ်ပျံပြီ –
ကိ – လိုလေ့ – ဒိုင်း –
အမေ့ဖလား
သေပါပြီဗျ –
ငကြိုသည့် ဒုက္ခများကို ဖေဖော်ပေးလေ့ရှိ
သည်။
အေး ထည့်ပြီး ကျင်းမကြော ခင်ပျောက်
သွား ပါပြီ
မော်။


ဝံ
ဝံ
ခေါ-
ခေါ-
ခေါ-


ဘဘတက်ဝဆေးမြစ်ရှာထွက်လာခဲ့၊ လမ်းတစ်လျှောက်
မည်သို့ဖြောင်းသည်ကို မှုနောက်—
ဥုံ
လိပ်ပြာငယ်ကလေး လိပ်ပြာကြီးဖြစ်စမ်း၊
အင်း- အခုမှပဲ ခရီးတွင်တော့တယ်၊
ကျွန်းအချုံးအကုန်များကို ဖြတ်ကျော်၍ တောင်တန်းများ ကျွန်းသစ်ပင်များကို ဝေးရာသို့ ပျံသန်းနေကြသည်၊
အင်း- ဒေါက်တာ ဘဘတော့ တကယ်ပဲ သိပ်ကို ပါလာတာ၊ ငါတို့များ ကော ဒေါက်တာ ဘဘလိုပဲ လုပ်ချင်နေရတယ်၊


တနေ့တွင် -



ထိုအချိန်တွင်မျောက်မှာ-
အင်း-ဒီလိုမျောက်ဖြူမရှိတာနဲ့အခါ ကောင်းကောင်းမစားရတာကြာပြီ ခုမှကွ။
မဖြစ်ဘူး။ စားစရာတခုခုတော့ ရှာဝင်ကြည့်အုံးမှကွ။
အလို-ဟိုမှာမျောက်ဖြူဦးထုပ်နဲ့ ဓားတောင်ဝှေးပါလား။ မျောက်ဖြူမရှိတုန်း မျောက်ဖြူလိုက်ဟန်းလိုက်အုံးမှကွ။
အလို-ခုလိုဆိုတော့လည်းဟိုမျောက်ဖြူက တကယ့်မျောက်ဖြူအတိုင်းပါကလား-
ကိုင်း-တံမြက်စည်းလှဲလိုက်စမ်း။
ဟင်-တံမြက်စည်းကအသက်ရှိနေပါပါလား။ မျောက်ဖြူဓိဋ္ဌာန်တော့ရတယ်ကွ ဖြစ်လိုပါလိမ့်


သိပြီ-သိပြီ-ဝေါကြိုကဝေအားတောင်ဝှေးနဲ့
တို့ရှင်-ဥုံခံပြီးဖြေတာပဲ၊ အခုမှသိပြီ၊
ဥုံ-ဥုံ-တံမြက်စည်းကအသက်
ရှင်ပြီး၊ အမှိုက်လှည်းလိုက်စမ်း
ဟေ့-ဟေ့-အသက်ရှင်လာပြီ၊
တယ်ဟုတ်တဲ့အားတောင်ဝှေး
ပါလား၊
အင်း-ဒီလက်ထဲမှာလေ့တော့အားတောင်ဝှေးရှိပြီ
ဒီကဝေတွေလျှောက်ပြီး ဒီဝကြောက်ခိုက်ရတဲ့
တောရှုံးတွေကို
ဒီပြန်ပြီးညှဉ်း
ဆဲမှဘဲ၊
ဟေ့-ဟေ့ဟော-ကြီး၊ အစတုန်းကမင်းကိုငါကြောက်
ခဲ့ရတယ်၊ အခုငါ့ရှိန်းတဲ့အတိုင်းမင်းလည်း
ရတော့မယ်-ဘိုက်-ဟား-ဟား-ဟား
ဟား-


အံမယ်- မင်းလိုမျောက်စုတ်က
ငါ့ကိုကြိုးမကိုင်လို
မှောက်မှား- မှောက်မှား၊
ခွေးမသားမျောက်စုတ်
သေပေတော့!
ဟဲ- ဟဲ- မင်းဟာငါ့တပည့်ဖြစ်ပြီ
ငါ့ကိုဦးချ
စီးအကန့်
မျော်ပြေ
ခမ်း၊
တော်တော်ဘာကကောင်းတဲ့ပေါက်ကရကြီးကွ၊
ငါ့ဘာမြိန်ကိုမင်းလှန်ဘာကိုသေးကုန်ပါး၊
ဟား- ဟား- ဟီး ဟီး-
ဦး ဦး-
တလေဝှန်မျောက်သည်
ကျားကျွန်ပြောကြည့်
ရှေ့ဘာကျားကြီးကို
ဖိုးချွန်ဆိုင်းပြီ-
တောသတ္တဝါတို့အကြောင်း
ခြင်္သေ့များကိုမှုံလက်ဝှေ့
ထိုးခိုင်းသည်။


ထိုနောက် ဖားက မြွေကို ဖြိုစေခြင်း -
ကြွက်က ကြောင်ပေါ် ခွစီးစေခြင်း။
ဝန်နှင့် ကျီးကန်းများကို ရေကူးပြိုင်စေခြင်းများ ပြုလုပ်လေသည်။
ထိုသို့ ကစားကွက်များ ပြုလုပ်ပြီးနောက်မှာ မျောက်ဦးညွှန်းသဖြင့် နေ့ပေါက်ကလန့်ကို ဂူတွင်းသို့ ပြန်လာခဲ့သည်။
ပျော်တယ်- ပျော်တယ်. ဒို့ ပျော်တယ်- တုနယ်- တယ်နယ်..
ဆာလှတယ်၊ အခါ မစီးခင် ရောက်လိုက်ဦးမယ် လိုက်အိုးမှာကွ၊
ဉ်- ငါ့ကို ယပ်ခပ် ပေးစမ်း၊
ဉ်- ဗီးစကာတွေ အမြန် ရောက်စမ်း -
ဉ်- ငါ့ သီးအိုး ရေ အမြန် သွားခပ်ကြစမ်း၊


အောင်မယ်လေး--ရေမွန်းလို့သေပါတော့မယ်ဟ - ဦး ဦး - ဦး ဦး -


ဝုံး-ဝုံး- ဂျပ်ကြေ-ဂျပ်ကြေ- ဟ-ဟ-ဟ--
မျောက်ကြီးသည် ဝေါ်ကိုပါလဲ့သို့ ဆေးတောင့်ရွေးကို စနစ်တကျမသုံး မှုကြောင့်ပုံးဇလုံး များကလည်းအမိန့် ကိုမစောင့်တော့ချေ။
ဟ-ဟ-ဟတ်ချိုး-ဟတ်ချိုး-ဖွီး-ဖွီး--
ကြွက်တွင်းတွေထဲရေဝင်လို့ ကြွက်တွေ ထွက်လာကြရင်ပြီ မပြစ်ကုန်းပေါ်ခင်ပေါ် ပြန်ပြေးတက်နေမှာကွ။
ထိုအချိန်တွင်
အင်း-လိုတဲ့ဆေးမြစ်တွေတော့ရလာပြီ အစီးလေးကါလေး ဆီးပြီးငါ့လုပ်ငန်း ကိုလုပ်ရမှာကွ။
ဒေါင်မဟုတ်ဘူး-ဒေါ့ပါကြမှု-




အလို-ဂူထဲမှာဒါမျိုးဖြစ်နေပါလား။
အင်း..သက်စွဲသပ်တော့ မမှားလောက်ပါဘူး..
ပေး-ပေး- ငါ့ဆေးတောင်ဝှေး မြန်မြန်ပေးစမ်း။
ဆေးတောင်ဝှေးတန်ခိုးနဲ့ ဒီဂူ အရှင်း မြန်ဖြစ် စေ-



နောင်တရပါပြီခင်ဗျာ၊
ကောင်းပါပြီခင်ဗျာ၊
အမယ်လေး
ဆင်ကြီးပါလား၊



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း၊ မြဝတီပုံနှိပ်တိုက် (၁၈၄၊ ၃၂-လမ်း ရန်ကုန်)တွင် အယ်ဒီတာချုပ် ဦးဝင်းမောင် (ထုတ်ဝေသူ မှတ်ပုံတင်အမှတ် ၀၁၁၆၄)က တာဝန်ခံထုတ်ဝေ၍၊ အထွေထွေ စီမံခန့်ခွဲရေးမှူး ဦးခင်မောင်ထွန်း၊ (ပုံနှိပ်သူ မှတ်ပုံတင်အမှတ် ၀၁၈၈၂)က ပုံနှိပ်သည်။ စောင်ရေ-၆၀၀၀၀,

တယ်လီဖုန်း၊ အယ်ဒီတာချုပ် ၁၈၅၁၀၊ အမှုဆောင်အယ်ဒီတာ ၁၄၆၅၅၊ အထွေထွေစီမံခန့်ခွဲရေးမှူး ၁၇၂၄၇။


ကဲကွာ-ကဲကွာ-
ကယ်တော်မူကြပါ အရှင်ကျီး-
ဟာ- မြွေကြီး- အီး- အီး-
ကဲကွာ-
အမယ်လေး- နာလိုက်တာ- ကျွတ်- ကျွတ်- ကျွတ်-
ပြီးပါပြီ


ကိုဥဩ
နေ့ခါ ညခါ ရောက်လေရာ
ဥဩ ဥဩ ကြားရပါ။
နေထွက်ချိန်မှာ ကျွန်တာကျက်
ဥဩ ဥဩ သူမြည်လျက်။
ကျောင်းတက်သွားတော့ ဆီးကာကြို
ဥဩ ဥဩ သူလှမ်းဆို။
နေချို ကျောင်းအား အိမ်ပြန်သွား
ဥဩ ဥဩ သူသံကြား။
ညယံ မရှိး အိပ်လို့သိုး
ဥဩ ဥဩ သူကနှိုး။
တမိုးသောက်လို့ တနေကုန်
ဥဩ ဥဩ တွန်သံစုံ။
ရိပ်မြုံ ခိုလို့ မြိုင်သံနှော
ကျွန်တော့်မိတ်ဆွေ ကိုဥဩ
မမြင်ရလို့ ကျွန်တော်မေး
တူတူပုန်းတဲ့ ကိုဥဩ
ဥဩ ဥဩ ကိုဥဩ။
မင်းသုဝဏ်

Read more Shwe Thway Journals at




🡻 Click below link 🡻

[https://www.facebook.com/shwethwayjournal/](https://www.facebook.com/shwethwayjournal/)